ဇန္နဝါရီ (၁၅)

**ဘုရားသခင်၏ နှောင့်နှေးကြန့်ကြာမှုများက ငြင်းပယ်ခြင်းများမဟုတ်။**

**ဘု**ရားသခင်သည် ဆုတောင်းများကို အဖြေပေးသော်လည်း အစဉ်သဖြင့် မိမိတို့လိုချင်သည့် သို့မဟုတ် မျှော်လင့်ထားသည့် နည်းလမ်းမျိုးဖြင့်မဟုတ်။ သူက အလျင်စလို လုပ်ခဲ့သည်။ ယင်းကိုလည်းသူ၏ဖန်ဆင်းခြင်းတွင် သိသာထင်ရှားသည်။ သူ့အတွက် ခလေးငယ်လေးတစ်ယောက် ပန်းလေးတပွင့် သစ်ပင်တစ်ပင် နေဝင်သည့်ညနေခင်းတစ်ခု ဒါမှမဟုတ်မျက်ပင်လေးတပင် အစရှိသည်တို့ကို ပြုလုပ်ရန်အချိန်လိုသည်။ မိမိတို့သည် ဘုရားရှင်ကိုလော၍ မရနိုင်။ သူ၏အချိန်ကြရောက်သည်အထိ မိမိတို့ စောင့်ဆိုင်းကြရမည်ဖြစ်သည်။

သူဖြစ်လာမည် ဖြစ်လာစေလိုသော ရလဒ်သေချာစေရန်အတွက် အခြေအနေအကြောင်းအရာတို့ မှန်ကန်စေဖို့ သူ့အနေနှင့်စောင့် ဆိုင်းနေခြင်းဖြစ်ပေမည်။ ဥပမာအားဖြင့် မွေးဖွားစကပင်လျှင် မျက်စိကန်းနေခဲ့သူကိုကြည့်ပါ။သူ့မျက်လုံးကန်းနေကြောင်း လူတိုင်းသိနိုင်ရန်အတွက် သူ့အနေနှင့်သူ့ဘဝအသက်တာတလျှောက်လုံးမျက်မမြင်ဖြစ်နေခဲ့ရသည်။ သို့မှသာ တစ်နေ့တွင် သခင်ယေရှုရောက်ရှိလာပြီး ထူးဆန်းအံ့ဩဖွယ်ရာ သူ့ကို ပျောက်ကင်းစေခါ ဘုရားသခင်၏ ဘုန်းတော်သည်လည်း ထင်ရှားလိမ့်မည်ဖြစ်သည်။ (ယောဟန်အခန်းကြီး ၉) ဘုရားသင်က မိမိဆုတောင်းသည်နှင့်တပြိုင်နက် အဘယ်ကြောင့်အဖြေမပေးရသနည်းဟူသော မေးခွန်းတို့၏အဖြေကို  မသိမီ တစ်ခါတစ်ရံ နှစ်နှင့်ချီ၍ ကြာမြင့်နိုင်သည်။ သို့သော်လည်း ထိုအချိန်က ရောက်လာလိမ့်မည်ဖြစ်ပြီး ဘုရားသခင်က မှန်ကန်ကြောင်းကို သင်သိရလိမ့်မည်။

အမှောင်ဆုံးသောအချိန်က အာရုံမတက်မီပင်ဖြစ်သကဲ့သို့ ကြီးကြီးမားမား ဆောက်တည်ရာမရ ဖြစ်ခြင်းကလည်း ကယ်တင်ခြင်းမရောက်လာမီ အချိန်ကလေးပင်ဖြစ်သည်။ မျှော်လင့်ခြင်းကင်းမဲ့မှု အဖြစ်ဆုံးအချိန်က ကယ်တင်ခြင်းမခံရမီအချိန်လေးကိုထိုးနှက် တိုက်ခိုက်သည်။ ထိုကြောင့် ဘုရားသခင်က အဖြေပေးလိမ့်မည်ဖြစ်ကြောင်း ဘယ်သောအခါမှ ခေတ္တကလေးမျှပင် သံသယ မဖြစ်လိုက်ပါနှင့်။ သူ၏ အဖြေပေးလိမ့်မည့်အဖြေကို မိမိအနေနှင့် ချက်ချင်းလက်ငင်းမတွေ့မြင်ရသည့်တိုင် ဘုရားရှင်ကိုယုံကြည်ကိုးစားပြီး သူ၏ကျေးဇူးတော်ကို ချီးမွမ်းပါ။ မနက်ဖြန်အတွက် သူ့ကို ယုံကြည်ကိုးစားခဲ့သောကြောင့် သင်သည်ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်ရလိမ့်မည်။